# IMDi

Integrerings- og mangfoldsdirektoratet

Postadresse:
<Adresse>

Besøksadresse:
<Adresse>

Internett:
www.imdi.no

E-post:
post@imdi.no

Sentralbord:
<nn nn nn nn>

Telefaks:
<nn nn nn nn>

Org.nr.
<nnn nnn nnn>

| DERES REF | VÅR REF | DATO |
|---|---|---|
| | 07/658 lha | 06.08.07 |

## နော်ဝေးနိုင်ငံမှာ အမြဲတမ်းနေထိုင်ခွင့်လျှောက်မယ်ဆိုရင် သိထားသင့်တဲ့ အရေးကြီးအချက်များ

### IMDi ဆိုတာ ဘာလဲ

IMDi ဆိုတာကတော့ နော်ဝေးနိုင်ငံမှာ ပြောင်းရွှေ့အလုပ်လုပ်ကိုင်သူတွေ နော်ဝေးကို ရောက်ရှိလာတဲ့
ဒုက္ခသည်တွေအတွက် နော်ဝေးဘာသာသင်ကြားရေး နော်ဝေးလူနေမှုစနစ်တွေနဲ့ ဆက်စပ်ပေးရေးတွေသာမက
ဒုက္ခသည်တွေ အမြဲတမ်း နေထိုင်ခွင့်ရရှိရေးတွေအတွက်လဲ တာဝန်ယူထားတဲ့ အဖွဲ့ အစည်းဖြစ်ပါတယ်။
(Introduksjonsloven) အရ ဘယ်သူတွေ နော်ဝေးဘာသာစကားသင်တန်းကို တက်ရောက်ခွင့်ရှိတယ်
တက်ရောက်သင်ကြားရမယ်ဆိုတဲ့ သတင်းအချက်အလက်တွေ ဖြည့်ဆီးပေးနေတဲ့ (NIR) ဌာနကိုလဲ
တာဝန်ယူထားရတဲ့ ဌာနကြီးဖြစ်ပါတယ်။

### IMDi ကနေ ဘာကြောင့် ခင်ဗျားဆီကို ဒီစာရေးရတာလဲ

ဒီစာကို ခင်ဗျားဆီပေးပို့ရတာကတော့ (Introduksjonsloven) ဟာ ခင်ဗျားနဲ့ သက်ဆိုင်တယ်ဆိုတာ
အသိပေးချင်လို့ပါ။ နော်ဝေးမှာ အမြဲတမ်း နေထိုင်ခွင့် မလျှောက်ထားခင်မှာ ခင်ဗျားဟာ နော်ဝေးစာ သင်ကြားရေး
တက်ရောက် ပြီးစီးထားဖို့ လိုပါတယ်။ ဒီစာမရခင်ကတဲက ခင်ဗျားဟာ နော်ဝေးစာသင်ကြားပြီးဖြစ်တယ်ဆိုရင်တော့
ဒီစာကို ဆက်လက် ဖတ်ရှုစရာမလိုပါဘူး။

နော်ဝေးစာသင်ကြားမှု မလုပ်ရသေးဘူး ဆိုရင်တော့အမြန်ဆုံး တက်ရောက်သင်ကြားဖို့ အရေးကြီးပါတယ်။ ဒီလို
နော်ဝေးစာသင်ကြားနိုင်ဖို့အတွက် ခင်ဗျားအနေနဲ့ တစုံတရာပေးဖို့ မလိုပဲ
အလကားတက်ရောက်သင်ကြားခွင့်ရှိပါတယ်။ (Introduksjonsloven) အရ နော်ဝေးဘာသာစကားသင်တန်း
ကို သင်တန်းကြေးပေးစရာမလိုပဲ ၃ နှစ်အတွင်းမှာ ခင်ဗျားအနေနဲ့ နာရီ ၃၀၀ တက်ရောက်ပြီးဖြစ်ရပါမယ်။
နော်ဝေးနိုင်ငံမှာ အမြဲတမ်းနေထိုင်ခွင့်ရဖို့ရယ် နောက်ပိုင်းမှာ နော်ဝေးနိုင်ငံသားလျှောက်ထားချင်တယ်ဆိုရင်တော့
ခင်ဗျားအနေနဲ့ နော်ဝေးဘာသာစကား နာရီပေါင်း ၃၀၀ သင်ကြားတက်ရောက်ပြီးဖြစ်ရပါမယ်။ ဒီလို သင်ကြားပြီးမှ
အမြဲတမ်းနေထိုင်ခွင့်လျှောက်ခွင့်ရှိပါလိမ့်မယ်။ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၁ ရက်ကစပြီး ဒီသတ်မှတ်ချက်ကို
စတင်မှာဖြစ်ပါတယ်။

### ခင်ဗျား ဘာလုပ်ရမလဲ

ဒီစာကို ရရင် ခင်ဗျားနေထိုင်တဲ့ kommune ကို ခင်ဗျားကိုယ်တိုင် အဆက်အသွယ်လုပ်ရမယ်။ ဒီစာကို ယူသွားပြီး သက်ဆိုင်ရာ အရာရှိနဲ့တွေ့ပြီး ဘယ်လို ဆက်လုပ်ရမယ်ဆိုတာကို ဆွေးနွေးဖို့လိုပါတယ်။ ခင်ဗျားနဲ့ပတ်သက်တဲ့ အချက်အလက်တွေ အခြေအနေတွေကို ဖေါ်ပြထားတဲ့ အကြောင်းကြားစာကို ခင်ဗျားနေထိုင်တဲ့ kommune က သက်ဆိုင်ရာအရာရှိ အာဏာပိုင်ကို ပေးပို့ထားပြီးဖြစ်ပါတယ်။ ခင်ဗျားအနေနဲ့ စာပါအချက်အလက်တွေကို နားမလည်ဘူးဆိုရင် ခင်ဗျားရဲ့ kommune ကနေ ခင်ဗျားအတွက် ဘာသာပြန်တယောက် ရှာပြီး ရှင်းပြပေးပါလိမ့်မယ်။

### ဘယ်သူ့ကို ဆက်သွယ်ရမလဲ

ခင်ဗျားနေထိုင်တဲ့ သာဓကညန မှာရှိတဲ့  ပညာရေးဝန်ဆောင်မှုဌာန (voksenopplæringen) –မြို့တော်ခမ်းမမှာရှိတဲ့ သတင်းပြန်ကြားရေးဌာန (servicetorget) –ဒါမှမဟုတ် ဒုက္ခသည်ဆိုင်ရာဌာန (flyktningtjenesten) တွေကို အဆက်အသွယ်လုပ်နိုင်ပါတယ်။

အရေးကြီးဆုံးကတော့ ဒီစာကို လွှင့်မပစ်မိဖို့ပါပဲ။ ဒါ့အပြင် ခင်ဗျားရဲ့ kommune နဲ့ ချက်ခြင်းဆက်သွယ်ဖို့လိုပါတယ်။ ဒါမှ ခင်ဗျားအတွက် နေ႒ိဝေးစာသင်ဖို့ နေရာရဖို့ kommune က စီစဉ်ပေးနိုင်မှာဖြစ်ပါတယ်။ တချို့ kommune တွေမှာတော့ နေ႒ိဝေးသင်တန်းတက်ခွင့်ရဖို့ အချိန် အနဲငယ် စောင့်ဆိုင်းရနိုင်ပါတယ်။ ဒါကြောင့် ခင်ဗျားရဲ့အခြေအနေကို kommune က ချက်ခြင်းသိဖို့ လိုပါတယ်။

ကံကောင်းပါစေလို့ ကျနော်တို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်

ခင်ဗျားဟာ အော်စလို kommune မှာနေတယ်ဆိုရင်တော့ Helsfyr မှာ ရှိတဲ့ အော်စလို ပညာရေးဝန်ဆောင်မှုဌာန (Oslo Voksenopplæring Servicesenter); Karoline Kristiansens vei 8, 0661 Oslo, tel: 23 47 00 00, fax: 23 47 00 99 ကို ဆက်သွယ်ရပါမယ်။

Med hilsen
for Integrerings- og mangfoldsdirektoratet (IMDi)

| | |
|---|---|
| Osmund Kaldheim<br>Direktør | Lisa Cooper<br>leder |